## ဘာသာပြန်သူ၏ အမှာ

ဂျွန်စတိုင်းဗက်၏ ‘မြင်းနီကလေး’ ဝတ္ထုတွင် အပိုင်း ၄ ပိုင်း ရှိသည်။ ၄ ပိုင်းစလုံးသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့၏အရှေ့တောင်ယွန်းယွန်း ဆလီနတ်စ်ပင်လယ်ကွေ့နှင့် ဆလီနတ်စ်မြို့ကလေးတို့အနီးရှိ ‘ယာတောလယ်’ကို နောက်ခံပြုသည်။ ဤ ၄ ပိုင်းစလုံးတွင် အဓိကဇာတ်ဆောင်မှာ ယာခင်းရှင် ကားလ်တစ်ဖလင်၏ ၁၀ နှစ်အရွယ်သားငယ် ‘ဂျိုဒီ’ဖြစ်သည်။ သူနှင့်အတူ သူတို့ယာခင်းတွင် တစ်မိသားစုတည်းကဲ့သို့ ဖြစ်နေသော သူရင်းငှား ဘီလီဘတ်ခ်နှင့် ဂျိုဒီ့အဖေ ကားလ်တစ်ဖလင်, ဂျိုဒီ့အမေ ရုသ် အပြင် ယာခင်းထဲမှ ခွေးများ, မြင်းများသည် ဤဝတ္ထု ၄ ပိုင်းစလုံးတွင် ပါဝင်ကြ၏။ တင်စား၍ ပြောဆိုရလျှင်၊ ‘ကားလ်တစ်ဖလင်၏ ယာကွင်း’ သည် ဇာတ်ခုံ၊ ကားလ်တစ်ဖလင် မိသားစုအပြင် သူရင်းငှား ဘီလီဘတ်ခ်နှင့်အတူ သူတို့၏ မြင်းများ, နွားများ, ခွေးများ, ကြက်, ဝက် တိရစ္ဆာန်များက ဇာတ်ဆောင်များ၊ ကပြသည့် ဇာတ်လမ်းမှာ ‘လူ့ဇာတ်လမ်း’။ ‘လူ့ဇာတ်လမ်း’ ဆိုသည်မှာ ကမ္ဘာအရပ်ရပ် မည်သည့်တိုင်းပြည်နိုင်ငံ၌မဆို၊ မှီတင်းနေထိုင်ကြသော လူတို့တွင်ရှိသော ချစ်ခြင်း, မုန်းခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, ဝမ်းသာခြင်း, ဝမ်းနည်းခြင်း စသည့် စိတ်အခြေအနေတို့ကို ဖန်တီးသည့် ဖြစ်ရပ်များ၊ သို့မဟုတ် ထိုစိတ်အခြေအနေတို့နှင့်တကွဖြစ်သော လူ့လောကဖြစ်ရပ်များပင် ဖြစ်သည်။ လူ့လောက ဖြစ်ရပ်များသည် ရေမြေတောတောင် သဘာဝအလိုက် တစ်နေရာနှင့်တစ်နေရာ မတူကြသော်လည်း၊ ထိုဖြစ်ရပ်များကို မှီ၍ဖြစ်သော လူတို့၏ စိတ်သဘာဝကမူ အတူတူပင် ဖြစ်ချေသည်။

‘မြင်းနီကလေး’ဝတ္ထု၏ ပထမပိုင်းကို ‘လက်ဆောင်’ (The Gift)ဟု ခေါင်းစဉ်ငယ် ပေးထားသည်။ ၁၀ နှစ်သား ဂျိုဒီအား သူ့အဖေက မြင်းနီကလေးတစ်ကောင် လက်ဆောင်ပေးသည်။ ဤအပိုင်းတစ်ပိုင်းလုံးသည် ဂျိုဒီနှင့် မြင်းကလေး၊ မြင်းကလေးနှင့် ဂျိုဒီ ဝမ်းသာရခြင်း, ပျော်ရွှင်ရခြင်း, ရယ်မောရခြင်း, ဂုဏ်ယူရခြင်း, စိုးရိမ်ပူပန်ရခြင်း, ဝမ်းနည်းကြေကွဲရခြင်း, ဒေါသဖြစ်ရခြင်း အကြောင်းများဖြစ်၍၊ ‘လူ့ဇာတ်လမ်းတစ်ခုအနေဖြင့် ပြည့်စုံသည်။’ ဟု ဆိုနိုင်ပါသည်။ ကလေးသူငယ်ပင်ဖြစ်စေ ‘လူ’ ဟူ၍ ဖြစ်လာမှတော့ ‘ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ’ ဆိုသည့် တရားများနှင့် မကင်းနိုင်ပုံကို စတိုင်းဗက်၏ဝတ္ထု ဤအပိုင်းတွင် မျက်ဝါးထင်ထင် မြင်ရသည်။ ‘ဝတ္ထုတစ်ပုဒ်၏တစ်ပိုင်း’ဟု ဆိုရစေကာမူ သီးခြားဖြစ်ရပ်တစ်ခု ဖြစ်သည်။ ‘သီးခြားဝတ္ထုတစ်ပုဒ်’ ဟုလည်း ဆိုနိုင်သည်။

ဒုတိယပိုင်း ‘မဟာသေလာ’(The Great Mountains)၊ တတိယပိုင်း ‘ကတိ’(The Promise)နှင့် စတုတ္ထပိုင်း ‘ရှေ့ဆောင်ကြီး’(The Leader of the People)တို့မှာလည်း သီးခြားဝတ္ထုတစ်ပုဒ်စီကဲ့သို့ အကန့်အသတ် ရှိသည်။ အားလုံး ပေါင်းစပ်လိုက်သောအခါတွင် အဆင်စုံအသွေးစုံ ဇာတ်စုံပါသည့် ရုပ်စုံကန့်လန့်ကာကြီး တစ်ချပ်သဖွယ် ခုံခုံထည်ထည် ဖြစ်လာသည်။ ဤရုပ်စုံကန့်လန့်ကာကြီးသည် ဂျွန်စတိုင်းဗက်၏အစွမ်းဖြင့် အသက်ဝင်လှုပ်ရှားသော မြင်ကွင်းများဖြင့် ရောင်စုံရုပ်ရှင်ကားတစ်ကား ဖြစ်လာသည်။

ဂျွန်စတိုင်းဗက်၏အရေးအသားသည် သွက်လက်သည်။ အဆင်တန်ဆာများစွာ မပါဘဲ လှပသည်။

ဂျွန်စတိုင်းဗက်ကို ၁၉၀၂ ခုနှစ်တွင် ဆလီနတ်စ်မြို့၌ မွေးဖွားသည်။ ကမ်းခြေနှင့် မိုင်အနည်းငယ်သာ ကွာသည်။ ဆလီနတ်စ်ချိုင့်ဝှမ်းသည် မြေသြဇာထက်သန်သည်။ တောင်ကုန်းထူထပ်၍ ယာတောများ ဖြစ်ထွန်းသည်။ စတိုင်းဗက်၏ ဝတ္ထုများစွာသည် ဤဒေသကို နောက်ခံပြုသည်။ သူသည် စတန်ဖို့တက္ကသိုလ်တွင် အဏ္ဏဝါဇီဝဗေဒဘာသာရပ်ကို သင်ယူခဲ့သော်လည်း ဘွဲ့ရသည်အထိ မနေခဲ့ချေ။

နယူးယောက်သို့သွားကာ သတင်းစာဆရာ၊ စာရေးဆရာလုပ်ရန် အားထုတ်ခဲ့သော်လည်း မအောင်မြင်ခဲ့။ ကာလီဖိုးနီးယားသို့ ပြန်လာကာ စာဆက်ရေးသည်။ သို့သော်-စောစောပိုင်းတွင် မအောင်မြင်ခဲ့ဘဲ၊ ၁၉၃၅ ခုနှစ်တွင် ရေးသော Tortilla Flat ဝတ္ထုတွင်မှ လူကြိုက်များလာသည်။

နောက်တွင် ဆက်တိုက်ထွက်လာသော Of mice and Men, The Grapes of Wrath ဝတ္ထုများကိုလည်း လူကြိုက်များကာ အမေရိကန်စာပေလောက၏ ရှေ့တန်းသို့ တက်လာသည်။ စတိုင်းဗက်၏ အထင်ရှားဆုံးစာအုပ်မှာ ၁၉၅၂ ခုနှစ်က ထွက်လာသော East of Eden ဖြစ်သည်။

သူသည် ၁၉၃၉ ခုနှစ်တွင် ရေးသားထုတ်ဝေသော The Grapes of Wrath စာအုပ်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုတွင် အမြင့်ဆုံးစာပေဆု ဖြစ်သည့် ပူလစ်ဇာဆုကို ရရှိသည်။

၁၉၆၂ ခုနှစ်တွင် စာပေဆိုင်ရာနိုဗယ်ဆုကို ရရှိသည်။

၁၉၆၈ ခုနှစ်တွင် ကွယ်လွန်သည်။